# တိုက်ပွဲသတင်းထုတ်ပြန်ကြေညာချက်

၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့။

ဖယ်ခုံမြို့နယ်၊ ခေါင်းအိကျေးရွာအနီးတွင်ထိုးစစ်ဆင်လာသော အကြမ်းဖက်စစ်ကောင်စီတပ်များကို ကရင်နီတပ်မတော် (KA) နှင့် KNDF တို့မှ ပူးပေါင်းတိုက်ခိုက်ခဲ့ပါသည်။ ယနေ့ စက်တင်ဘာလ (၁) ရက်နေ့ ညနေပိုင်း (၃း၀၀) နာရီမှ (၅) နာရီအထိ နှစ်ဖက်ထိတွေ့တိုက်ပွဲ (၂) နာရီကျော်ကြာဖြစ်ပွားခဲ့ပါသည်။

တိုက်ပွဲအတွင်းမိမိတို့ဖက်မှ တစ်စုံတရာထိခိုက်မှု မရှိသော်လည်း၊ အကြမ်းဖက်စစ်ကောင်စီတပ်များဘက်မှ အနည်းဆုံးနှစ်ဦးခန့် ထိခိုက်ဒဏ်ရာရနိုင်ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များသည် ဖယ်ခုံမြို့နယ်၊ ကုန်းဆုံရွာရှိ အရဟံ ဘုရားတောင်ဘက်မှ စစ်ကြောင်းတစ်ကြောင်းနှင့် ရွှေပြည်အေးကျေးရွာဘက် စစ်ကြောင်းတစ်ကြောင်း စုစုပေါင်း စစ်ကြောင်းနှစ်ကြောင်းဖြင့် ခေါင်းအိကျေးရွာဘက်သို့ ထိုးစစ်ဆင်လျက်ရှိပါသည်။

ထို့အပြင် အကြမ်းဖက်စစ်ကောင်စီ၏ လက်ပါးစေများဖြစ်သော ပျူစောထီး အကြမ်းဖက်အဖွဲ့များသည် ဖယ်ခုံမြို့အတွင်းလှုပ်ရှားလျက်ရှိပြီး ပြည်သူများကို ချိန်းခြောက်မှုများပြုလုပ်လျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန